အမျိုးသားလွှတ်တော်ရုံး

သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီး

# STATISTICAL BULLETIN

## မြန်မာနိုင်ငံ၏အလုပ်အကိုင်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ









ရေးသားပြုစုသူ – ဒေါ်ခင်သော်နှင်း – M.A (Eng;) ရက်စွဲ။ ၆ – ၃ – ၂၀၂၀။

ဤစာစောင်နှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားပါသည်။

# မာတိကာ


| | | |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | လုပ်သားအင်အားပါဝင်မှုနှုန်း | ၂ |
| | (က) မြန်မာနိုင်ငံ၏ လုပ်သားအင်အားပါဝင်မှုနှုန်း | ၂ |
| | (ခ) အာဆီယံနိုင်ငံများ၏ လုပ်သားအင်အားပါဝင်မှုနှုန်း | ၃ |
| ၃။ | အလုပ်လက်မဲ့နှုန်း | ၄ |
| | (က) မြန်မာနိုင်ငံ၏ အလုပ်လက်မဲ့နှုန်း | ၄ |
| | (ခ) အာဆီယံနိုင်ငံများ၏ အလုပ်လက်မဲ့နှုန်း | ၅ |
| ၄။ | ပြည်ပသို့ တရားဝင် သွားရောက်အလုပ်လုပ်ကိုင်သူအရေအတွက် | ၆ |
| ၅။ | ကဏ္ဍအလိုက် မြန်မာနိုင်ငံ၏ လုပ်သားအင်အား | ၇ |
| | (က) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ လုပ်သားအင်အား | ၇ |
| | (ခ) မြန်မာ့စက်မှုလုပ်ငန်း၏ လုပ်သားအင်အား | ၈ |
| | (ဂ) မြန်မာ့ဝန်ဆောင်မှုလုပ်ငန်း၏ လုပ်သားအင်အား | ၉ |

# မြန်မာနိုင်ငံ၏ အလုပ်အကိုင်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ[၁]

**နိဒါန်း**

ဤစာစောင်တွင် မြန်မာနိုင်ငံ၊ အာဆီယံနိုင်ငံများနှင့်ပတ်သက်၍ အလုပ်အကိုင်ဆိုင်ရာ ကိန်းဂဏန်းသုံးသပ်ချက်များကို ဖော်ပြထားပါသည်။ ဤစာစောင်ကို အချက်အလက်အသစ်များ ရရှိသည့်အပေါ်မူတည်၍ ဆက်လက်မွမ်းမံပြီး ထုတ်ဝေသွားပါမည်။ အချက်အလက်များအားလုံး အတွက် လစဉ်အချက်အလက်အသစ် ရရှိသည်မဟုတ်ပါ၊ အချို့အချက်အလက်များမှာ တစ်နှစ် တစ်ကြိမ် ထုတ်ပြန်သည်မျိုးလည်းရှိပါသည်။ ထို့ကြောင့် စာစောင်ပါအချို့အချက်အလက်များနှင့် သုံးသပ်ချက်များသည် ထုတ်ဝေမှုတစ်ခုနှင့် တစ်ခုအကြား တူညီနိုင်ပါသည်။ စာစောင်တွင် မူဝါဒများကို ပြည့်စုံစွာသုံးသပ်ထားခြင်းမျိုးမပါရှိပါ။ အချက်အလက်ဖြစ်စဉ်များ (trend)နှင့် အချက်အလက်နှိုင်းယှဉ်မှုများကိုသာ ဖော်ပြထားပါသည်။

[၁] ဤစာစောင်ပါ အချက်အလက်များသည် ၁၈.၁၂.၂၀၁၉ ရက်နေ့တွင် နောက်ဆုံးရရှိထားသောအချက်အလက်များ ဖြစ်ပါသည်။

**လုပ်သားအင်အားပါဝင်မှုနှုန်း**

**မြန်မာနိုင်ငံ၏ လုပ်သားအင်အားပါဝင်နှုန်း (စုစုပေါင်း)(၂၀၁၉ ခုနှစ်)**




၂၀၁၉ ခုနှစ်၌ မြန်မာနိုင်ငံသည် အသက် ၁၅ နှစ်မှ ၆၄ နှစ်အတွင်း စုစုပေါင်းလူဦးရေ၏ လုပ်သားအင်အားပါဝင်မှုနှုန်း ၆၆.၁ ရာခိုင်နှုန်းရှိပါသည်။ ကမ္ဘာ့ဘဏ်မှရရှိထားသော မှတ်တမ်းများအရ ၂၀၁၀ ခုနှစ်တွင် လုပ်သားအင်အားပါဝင်နှုန်း ၇၁.၂ ရာခိုင်နှုန်းရှိခဲ့ရာမှ တဖြည်းဖြည်း လျော့နည်းလာခဲ့ပါသည်။

## အာဆီယံနိုင်ငံများ၏ လုပ်သားအင်အားပါဝင်နှုန်း (စုစုပေါင်း) (၂၀၁၉ ခုနှစ်)




*Source : Worldbank*

ကမ္ဘာ့ဘဏ်မှရရှိထားသောမှတ်တမ်းများအရ ၂၀၁၉ ခုနှစ်၌ အာဆီယံနိုင်ငံများတွင် လုပ်သားအင်အားပါဝင်မှုနှုန်းကို နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ကမ္ဘောဒီးယားနိုင်ငံသည် အများဆုံး ဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံသည် အနည်းဆုံးဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အသက် ၁၅ နှစ်မှ ၆၄ နှစ်အတွင်း စုစုပေါင်းလူဦးရေ၏ လုပ်သားအင်အားပါဝင်မှုနှုန်း ၆၆.၁ ရာခိုင်နှုန်းရှိပြီး အာဆီယံနိုင်ငံများတွင် ဒုတိယအနည်းဆုံးဖြစ်ပါသည်။

**အလုပ်လက်မဲ့နှုန်း**

အလုပ်လက်မဲ့ဖြစ်ခြင်းဆိုသည်မှာ အလုပ်လုပ်နိုင်သောအခြေအနေရှိ၍ လွန်ခဲ့သော ရက်သတ္တပတ် (၄) ပတ်အတွင်း အလုပ်ရှာဖွေခဲ့ပြီး အလုပ်ရရှိပါက ရက်သတ္တပတ် (၂) ပတ်အတွင်း စတင်အလုပ်လုပ်ကိုင်နိုင်သူများ အလုပ်အကိုင်မရှိခြင်းကို ခေါ်ဆိုပါသည်။




*Source : Worldbank*

ကမ္ဘာ့ဘဏ်မှ ရရှိထားသောမှတ်တမ်းများအရ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်တို့တွင် မြန်မာနိုင်ငံ၌ စုစုပေါင်းအလုပ်လက်မဲ့နှုန်း ၀.၉ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၁၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်တို့တွင် အနည်းငယ်ကျဆင်းသွားသည်ကိုတွေ့ရှိရပါသည်။ ၂၀၁၆ ခုနှစ်မှစ၍ မြန်မာနိုင်ငံ၏ စုစုပေါင်းအလုပ်လက်မဲ့နှုန်း ပြန်လည်မြင့်တက်လာခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ၁.၆ ရာခိုင်နှုန်းထိ ဖြစ်လာခဲ့ပါသည်။ လုပ်သားအင်အားစုစုပေါင်း၏အမျိုးသမီး အလုပ်လက်မဲ့နှုန်းသည် အမျိုးသား အလုပ်လက်မဲ့နှုန်းထက် ပိုမိုများပြားကြောင်းတွေ့ရှိရပါသည်။

## အာဆီယံနိုင်ငံများ၏ အလုပ်လက်မဲ့နှုန်း

**လုပ်သားအင်အားစုစုပေါင်း၏ အလုပ်လက်မဲ့နှုန်း (%)**

| | ၂၀၁၆ | ၂၀၁၇ | ၂၀၁၈ | ၂၀၁၉ |
|---|---|---|---|---|
| ဘရူနိုင်း | ၈.၅၆ | ၉.၃၂ | ၉.၂၂ | ၉.၂၄ |
| ကမ္ဘောဒီးယား | ၁.၁၃ | ၁.၀၆ | ၁.၀၅ | ၁.၀၂ |
| အင်ဒိုနီးရှား | ၄.၃ | ၄.၁၈ | ၄.၃ | ၄.၃၈ |
| လာအို | ၀.၆၅ | ၀.၆ | ၀.၆၁ | ၀.၅၇ |
| မလေးရှား | ၃.၄၄ | ၃.၄၁ | ၃.၃၆ | ၃.၄ |
| **မြန်မာ** | **၁.၁၈** | **၁.၅၅** | **၁.၅၆** | **၁.၅၈** |
| ဖိလစ်ပိုင် | ၂.၇၁ | ၂.၅၅ | ၂.၅၂ | ၂.၄၁ |
| စင်ကာပူ | ၄.၀၈ | ၃.၉၁ | ၃.၇၇ | ၃.၆၂ |
| ထိုင်း | ၁.၈၅ | ၁.၈၉ | ၁.၈၉ | ၁.၈၉ |
| ဗီယက်နမ် | ၀.၆၉ | ၀.၆၃ | ၀.၆၇ | ၀.၆၉ |

*Source : Worldbank*

၂၀၁၉ ခုနှစ်၌ မြန်မာနိုင်ငံသည် လုပ်သားအင်အားစုစုပေါင်း၏ အလုပ်လက်မဲ့နှုန်း စုစုပေါင်း ၁.၅၈ ရာခိုင်နှုန်းရှိပြီး အာဆီယံနိုင်ငံများတွင် အလုပ်လက်မဲ့နှုန်း စတုတ္ထအနည်းဆုံး နိုင်ငံဖြစ်ပါသည်။ အာဆီယံနိုင်ငံများတွင် ၂၀၁၇ ခုနှစ်၌ လုပ်သားအင်အားစုစုပေါင်း၏ အလုပ်လက်မဲ့နှုန်းကို နှိုင်းယှဉ်ကြည့်မည်ဆိုလျှင် ဘရူနိုင်းနိုင်ငံသည် အများဆုံးဖြစ်ပြီး အနည်းဆုံးနိုင်ငံများမှာ လာအိုနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့ဖြစ်ပါသည်။

## ပြည်ပသို့ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်သူအရေအတွက်

| နိုင်ငံ | ၄/၂၀၁၆ | ၄/၂၀၁၇ | ၄/၂၀၁၈ | ၄/၂၀၁၉ |
|---|---|---|---|---|
| ထိုင်း | ၅၆၄၀ | ၉၄၃၇ | ၁၂၄၈၄ | ၁၅၄၁၁ |
| မလေးရှား | ၂၅၅၅ | ၇၄ | ၁၃၈၁ | ၄၄၁၆ |
| ကိုရီးယား | ၈၈၈ | ၆၆၁ | ၇၅၉ | ၄၄၇ |
| စင်ကာပူ | ၉၀ | ၁၈ | ၃၀ | ၆၁ |
| ကာတာ | - | ၁၈ | ၉ | ၃ |
| ယူအေအီး | ၃၆ | ၁၄ | ၇ | ၆၁ |
| ဂျပန် | ၂၂၃ | ၂၆၈ | ၂၈၅ | ၃၀၇ |
| ဂျော်ဒန် | - | - | ၃၀ | ၆၀ |
| **စုစုပေါင်း** | **၉၄၃၂** | **၁၀၄၉၀** | **၁၄၉၈၅** | **၂၀၇၆၆** |

*Source : Central Statistical Organization*

ဇယားတွင်တွေ့ရှိရသည့်အတိုင်း ၂၀၁၉ ခုနှစ်၊ ဧပြီလတွင် မြန်မာနိုင်ငံမှ ပြည်ပသို့ တရားဝင်သွားရောက်အလုပ်လုပ်ကိုင်သူ ၂၀,၇၆၆ ဦးရှိသည့်အနက် ထိုင်းနိုင်ငံသို့ ၁၅,၄၁၁ ဦး အများဆုံးသွားရောက်အလုပ်လုပ်ကိုင်ခဲ့ပြီး ကာတာနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်သူ ၃ ဦး သာရှိကြောင်းတွေ့ရှိရပါသည်။ ယခင်နှစ်များနှင့်နှိုင်းယှဉ်လျှင် ပြည်ပသို့တရားဝင်သွားရောက်သူ ဦးရေသည် ပိုမိုများပြားလာသည်ကိုတွေ့ရှိရပါသည်။

## ကဏ္ဍအလိုက် မြန်မာနိုင်ငံ၏လုပ်သားအင်အား




ကမ္ဘာ့ဘဏ်မှ ရရှိထားသောမှတ်တမ်းများအရ ၂၀၁၀ ခုနှစ်၌ မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းတွင် လုပ်သားအင်အားပါဝင်မှုနှုန်းသည် ၅၄.၁ ရာခိုင်နှုန်းရှိခဲ့ရာမှ တဖြည်းဖြည်းကျဆင်းလာခဲ့ရာ ၂၀၁၉ ခုနှစ်၌ စိုက်ပျိုးရေးကဏ္ဍ၏ လုပ်သားအင်အားပါဝင်မှုနှုန်းသည် ၄၉.၇ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ပါသည်။




မြန်မာနိုင်ငံ၏စက်မှုကဏ္ဍတွင် လုပ်သားအင်အားပါဝင်မှုနှုန်းသည် ၂၀၁၀ ခုနှစ်တွင် ၁၅.၇ ရာခိုင်နှုန်းရှိခဲ့ပြီး လုပ်သားအင်အားပါဝင်မှုနှုန်းသည် တဖြည်းဖြည်းမြင့်တက်လာခဲ့ရာ ၂၀၁၅ ခုနှစ်တွင် ၁၆.၈ ရာခိုင်နှုန်းထိရှိခဲ့ပြီး ကမ္ဘာ့ဘဏ်၏မှတ်တမ်းများအရ အမြင့်ဆုံး ရာခိုင်နှုန်းဖြစ်ခဲ့ပါသည်။ ၂၀၁၆ ခုနှစ်မှစ၍ လုပ်သားအင်အားပါဝင်မှုနှုန်း ကျဆင်းလာခဲ့ရာ ၂၀၁၉ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းသို့ ကျဆင်းလာခဲ့ပါသည်။

## မြန်မာ့ဝန်ဆောင်မှုလုပ်ငန်းများ၏လုပ်သားအင်အား(၂၀၁၉ ခုနှစ်)




*Source : Worldbank*

မြန်မာ့ဝန်ဆောင်မှုလုပ်ငန်း၏ လုပ်သားအင်အားပါဝင်မှုနှုန်းသည် ၂၀၁၀ ခုနှစ်၌ ၃၀.၂ ရာခိုင်နှုန်းရှိခဲ့ပြီး တဖြည်းဖြည်းမြင့်တက်လာခဲ့ရာ ၂၀၁၉ ခုနှစ်တွင် ၃၄.၃ ရာခိုင်နှုန်းထိ ရှိခဲ့ပါသည်။

**မှတ်ချက်။ ယခုစာစောင်တွင် ကမ္ဘာ့ဘဏ်မှ ရရှိထားသောအချက်အလက်များကို အသုံးပြုထားခြင်းဖြစ်ပြီး နှစ်အလိုက် ပြင်ဆင်ဖြည့်စွက်မှုများကို ဆောင်ရွက်လေ့ရှိသဖြင့် ယခင်နှစ်များမှ ထုတ်ဝေထားသောစာစောင်ပါ အချက်အလက်များနှင့် အနည်းငယ်ကွဲပြားမှုများ ရှိနိုင်ပါသည်။**

သုတေသနလုပ်ငန်းဆိုင်ရာစုံစမ်းမေးမြန်းမှုများပြုလုပ်ရန် (သို့မဟုတ်) သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့် နိုင်ငံတကာဆက်ဆံရေးဌာနကြီးအားလာရောက်လေ့လာရန် အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

သုတေသန၊ ပြည်သူ့ဆက်ဆံရေးနှင့်နိုင်ငံတကာဆက်ဆံရေးဌာနကြီး - အမျိုးသားလွှတ်တော် 1G ဆောင်၊ ဒုတိယထပ်

တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၃၅၊ ၀၆၇ - ၅၉၁၆၆၄

ဖက်စ် - ၀၆၇ - ၅၉၁၃၈၀

## သတိပြုရန်

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၄င်းတို့၏ လွှတ်တော်ဆိုင်ရာတာဝန်များ ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာကိစ္စတစ်စုံတစ်ခုအတွက်အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တစ်ပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် (သို့မဟုတ်) ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် (သို့မဟုတ်) သတင်းအချက်အလက်များအားလိုအပ်ပါက အရည်အသွေးပြည့်မီသောသင့်လျော်သည့်ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုဌာနသည် စာတမ်းတိုများတွင် ပါဝင်သော အကြောင်းအရာများအား လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ထမ်းများနှင့်သာ မျှဝေဆွေးနွေးသွားမည်ဖြစ်ပါသည်။ အများပြည်သူနှင့် မျှဝေရန်မဟုတ်ပါ။